၊ဆဋ္ဌမအကြိမ်၊

# ခင်ဗျားကို ကျွန်တော်ချစ်တယ်

စဝ်ခွန်ဇ



## အမှတ်တရ စကား (သို့) အမှာ စာ

ခင်ဗျားကို ကျွန်တော်ချစ်တယ်

ခင်ဗျားကို ကျွန်တော်ချစ်တယ်တဲ့ ။ ကျွန်တော်တို့ ဒီစကားကို ဒီထက်ရှင်းအောင် ပြောလို့ မရတော့ဘူးလို့ ထင်တာပဲ။ ကျွန်တော်တို့ ဘဝမှာ အကြိမ်ကြိမ်လည်း ပြောဖူးကြပါလိမ့်မယ်။ ပြောခွင့် မရှိတော့တာမျိုးလည်း အကြိမ်ကြိမ် ရှိခဲ့ကြမယ်။

ကျွန်တော်တို့ အရက်တွေသောက်ကြတဲ့ အခါ ပြောလေ့ရှိတဲ့ စကားလို For the Ladies we loved, For the Ladies we lost ပေါ့ဗျာ။ ကျွန်တော်တို့ ဘဝမှာ ချစ်ခဲ့ဖူးပြီး ဘယ်တော့မှ ပြန်မတွေ့တော့ကြေး ဆုံးရှုံးသွားခဲ့ရတဲ့ အမျိုးသမီးတွေ ရှိတယ်လေ။ ကျွန်တော်တို့ က ယောကျ်ားတွေဆိုတော့ တချို့စကားတွေကို နှုတ်ကနေ ပြောလို့ မထွက်ကြဘူး။

ညီလေး စဝ်ခွန်ဇေက သူ့စာတွေကို ကဗျာတွေ အက်ဆေးတွေရယ်လို့ ခေါင်းစဉ် မတပ်ပါဘူး။ ကျွန်တော်ကလည်း မင်းရေးတာတွေကို ငါဝေဖန်မှာ မဟုတ်ဘူး နော်။ အချစ်အကြောင်းတော့ နည်းနည်း ပြောကြည့်မယ်လို့ မျက်နှာချင်းဆိုင် ပြောခဲ့ပါတယ်။

သူရေးထားတာတွေက ပေါ့ပါးလွတ်လပ်ပြီး ချစ်ဖို့ ကောင်းပါတယ်။ မိုတွေ ရွာနေတဲ့ အချိန် ကော်ဖီတစ်ခွက်လို၊ ဆောင်းညထဲက ဝီစကီတစ်ခွက်လို ကျွန်တော်တော့ ရိုးဖြောင့်တဲ့ မေတ္တာစာလွှာတချို့ကို ဖတ်ခဲ့ရ

တာပဲ။ သူ့အတွက်တော့ ငိုချင်စရာတွေလည်း ဖြစ်ကောင်းဖြစ်နေနိုင်တာပေါ့။

ခင်ဗျားကို ကျွန်တော်ချစ်တယ်…တဲ့ ။ သူ့မှာ စာတွေအရှည်ကြီးရေးပြီး အသည်းကွဲရတယ် ထင်ပါတယ်။

ခင်မင်စွာဖြင့်

စစ်ငြိမ်း

*****

# ခင်ဗျားကို ကျွန်တော်ချစ်တယ်

(၁)

ခင်ဗျားအနာဂတ်ထဲကို

ကျွန်တော့် ချစ်ခြင်းမေတ္တာတွေ

စီးဝင်ချင်တာပါ....

လူပိန်းနည်းနဲ့ ဆို

ခင်ဗျားကို ကျွန်တော်ချစ်တယ်ပေါ့။

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

(၂)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ဒါက…

ဝင်လာပါ ဆိုခြင်းမျိုး မဟုတ်ပါဘူး

ခပ်လှမ်းလှမ်းမှာ ငေးကြည့်ရလည်း အဆင်ပြေတယ်။

ကျွန်တော့်ဒဏ်ရာတွေ ခင်ဗျားမြင်ဖို့ မလိုပါဘူး

ခင်ဗျားဒဏ်ရာတွေပဲ

ကိုယ့်ကြောင့် သက်သာစေချင်တာမျိုး

တံလျှပ်ကို ရေထင်ခြင်းမျိုးပဲ ဖြစ်ဖြစ်ပေါ့

ခဏလေး ခင်ဗျား စိတ်ချမ်းသာရင်

ဖျတ်ခနဲ ပေါ့ပေါ့ပါးပါး ပြုံးမိသွားရင်

ခင်ဗျားမသိတဲ့ ခင်ဗျားအရိပ်လေး ဖြစ်ရတာ တန်ပါတယ်။

ဖြစ်နိုင်ခဲ့ရင်ပေါ့

ချစ်ခြင်းမေတ္တာ ဆိုတာ ခင်ဗျားမသိသေးတဲ့

အခြားကမ္ဘာ တစ်ခု ဖြစ်ကြောင်း ပြောပြမယ်။

နားကြပ် တစ်ဖက်စီ တပ်ပြီး…

Austin Mahone ရဲ့ Shadow နားထောင်ခိုင်းမယ်

ပြီးရင်…

Lyrics ရဲ့ အဓိပ္ပာယ်ဟာ ကျွန်တော့်ရဲ့

လက်ရှိ ဒဏ်ရာမဟုတ်သော ဒဏ်ရာဖြစ်ကြောင်းပေါ့။

တံခါးဖွင့်ထားတယ် ဆိုတိုင်း

ဝင်လာစေချင်တာချည်း မဟုတ်ပါဘူးကွယ်။

ခင်ဗျားမမြင်ခဲ့သော

စိတ်ရဲ့ ပြတင်းပေါက်တွေဟာ ခင်ဗျားရဲ့

လက်တစ်ကမ်းမှာ ရှိကြောင်း သိစေချင်တာ။

ချစ်ခြင်းမေတ္တာဟာ ...

စကားလုံးချည်း သက်သက် မဟုတ်သလို

ပေးဆပ်ဖို့ ချည်း မဟုတ်ပါဘူး။

ပျော်စေချင်လွန်းတယ် ဆိုတာကလည်း

အတ္တရဲ့ အညွန့်အဖူးလေးပါပဲ

ခင်ဗျားပျော်မှ ကျွန်တော် ပျော်ရမှာ မလား။

ဘဝဟာ ပင်လယ်ဆန်တယ်လေ

လေပြည်တွေချည်း ဘယ်လာမလဲ

မုန်တိုင်းတွေလည်း အလည်လာတတ်တယ်။

ဒါပေမဲ့...

ကျွန်တော်ချစ်တယ် ဆိုတာကလည်း

မိုးကုပ်စက်ဝိုင်းကြီးဆီ ‌ေးရသလိုပါပဲ

မရှိမှန်းလည်း သိတယ်

ရှိတယ်လို့ တော့ အမြဲထင်နေရတာပဲလေ။

ခင်ဗျားကို ကျွန်တော်ချစ်တယ်

ပြီးတော့...

ခင်ဗျားကို ကျွန်တော်လွမ်းဆွေးတယ်

ပြီးတော့

ခင်ဗျားကို ကျွန်တော်ချစ်တယ်

အဲဒီလိုပါပဲ

ခင်ဗျားကို လွမ်းဆွေးရတာကိုလည်း ချစ်တတ်ခဲ့တယ်။

(၃)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ကြုံလာရတဲ့ အထိအခိုက်တွေ အလျောက် ကျွန်တော်တို့ ဟာ

မာကျောချင်ယောင် ဆောင်တတ်သွားကြတာပါ...

ခင်ဗျားကို ကျွန်တော်ချစ်တယ်

ဒါက ခင်ဗျားအတွက် ကျွန်တော် အတတ်နိုင်ဆုံး နူးညံ့မှုပဲ

ခင်ဗျားသိလား

လူတစ်ယောက်ကို ကျွန်တော်တို့ လိုတာထက် ပိုနူးညံ့မိတာဟာ

ချစ်ခြင်းမေတ္တာဆီမှာ အလိုလို အညံ့ခံလိုက်ခြင်းပဲ...။

ဒါက ဆန္ဒတစ်စုံတစ်ရာ မျှော်လင့်ချက် တစ်အုပ်တစ်မ

ဒါမှ မဟုတ် အိပ်မက်သာသာလည်း ဖြစ်ချင်ဖြစ်မှာ ပေါ့

လမ်းတွေ ပျောက်သွားတဲ့ အခါ

ကျွန်တော့်ရင်ဘတ်ထဲကို အလည်လာပါ

ကျွန်တော့်ယုယမှုနဲ့ အမြတ်တနိုး ဖန်တီးလေသော

ကမ္ဘာသစ်ပေါ် ခြေချပါ

ဒါဟာ ခင်ဗျားပိုင်တဲ့ ကမ္ဘာ

ကျွန်တော်ဟာ ခင်ဗျားအုပ်စိုးတဲ့ နိုင်ငံတော်

ခင်ဗျားစိုက်ပျိုးမယ့် အမြစိမ်းသစ်တောလေး

ကျွန်တော် မြတ်နိုးသော နှင်းဆီဝါဝါတွေဟာ

ခင်ဗျားစိတ်နဲ့ ဖူးပွင့်ပါစေပေါ့။

နေဝင်ချိန်တွေဟာ လှပါတယ်

ပြီးတော့ ကြေကွဲစရာပါပဲ...

ခဏနေ ပျောက်ရှသွားမယ့် အငွေ့အသက်လေးကို

မက်မက်မောမော ထွေးပွေ့ချင်တာမျိုး

အဲဒီစိတ်နဲ့ ခင်ဗျားရဲ့ ပျော်ရွှင်မှုတွေကို ကျွန်တော်ပျိုးပါတယ်

သံသရာက ရှည်ပါတယ်

သို့သော် လူ့ဘဝက ခဏလေးပါ

ကျွန်တော့်ကမ္ဘာလေး သို့မဟုတ် အဲဒီ မျက်တောင်ရှည်လေးတွေကိုပဲ

ငေးမောရင်း ကုန်ဆုံးချင်ပါတယ်...

တောင်းပန်ပါတယ်

ခင်ဗျားအပေါ် လိုတာထက်

စိတ်လိုလက်ရ နူးညံ့ပစ်မိလို့ ။

(၄)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ရိုးသားရရင် အားလုံးဆီကနေ ပြေးထွက်သွားချင်ပါတယ်...

ဒါက အရှုံးပေးတာ မဟုတ်တဲ့ အကြောင်းတော့ မပြောခဲ့ချင်ပါဘူး

ထင်ချင်သလို ထင်ကြပါစေ။

ဒဏ်ရာတွေဆီကနေတော့ မလွတ်မြောက်ချင်တာတွေ

ခင်ဗျားသိလား

ဒဏ်ရာတွေဟာ အမြဲတမ်းလက်တစ်ကမ်းမှာ ။

ငေးကြည့်နေရုံပါပဲ

ဘယ်တော့မှ လည်း တောင်းဆိုဖို့ ဖြစ်မှာ မဟုတ်ဘူး

နေ၀င်ချိန်တွေ အတူငေးဖို့

ကြယ်တွေကြွေရင် အတူဆုတောင်းဖို့

ကျွန်တော်သိပ်ကြိုက်တဲ့ ကော်ဖီလိုက်သောက်ဖို့

တကယ်က ရယ်စရာပါပဲ

ကိုယ့်နာကျင်စရာလေးကိုပဲ ခဏခဏ ခိုးကြည့်ချင်နေတာမျိုး။

အဆင်မပြေဘူးလို့ ပြောရင်လည်း ကျွန်တော် ညာတယ်ဖြစ်ဦးမှာ

သိလား

ချစ်ခြင်းမေတ္တာဆိုတာ ငေးကြည့်နေရုံနဲ့ လည်း

တစ်ခါတစ်ခါ ပြည့်စုံသွားတတ်တဲ့ အကြောင်း

ဝန်ခံရရင်တော့

ခင်ဗျား ဘာတွေကြိုက်တတ်သလဲ

ကျွန်တော် မသိချင်တော့ဘူး

ကျွန်တော် ချစ်တယ်ဆိုတာ ခင်ဗျားကိုတင် မကဘူး

ခင်ဗျားရဲ့ ဖြစ်တည်မှုကိုပါ ချစ်တတ်သွားခဲ့တာ

အဲဒီလိုပါပဲ

ချစ်ခြင်းမေတ္တာ ဆိုတာ ေးကြည့်ဖို့ သက်သက်ပဲ

ကျွန်တော့်အတွက် ဖြစ်တည်ခဲ့တာ။

လွန်ပါစေတော့

နွေဦးရက်တွေ ကုန်ပါစေတော့

ဖြစ်ပျက်တရားတွေထဲမှာ ကျွန်တော်က နေသားတကျ ရှိခဲ့ပြီးသား

ခင်ဗျားက စလို့ ဘာကိုမှ မပိုင်ဆိုင်လိုတော့

တကယ်က

ခင်ဗျားဆီမှာ အရှုံးပေးခဲ့တာ မဟုတ်ဘူး

ချစ်ခြင်းမေတ္တာရှေ့မှောက် ဒူးထောက်လိုက်တာ

မသိလည်း ဖြစ်တဲ့ အကြောင်းပေါ့

ခင်ဗျားကို ကျွန်တော်သိပ်ချစ်တာ။

(၅)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ခင်ဗျားကို ကျွန်တော်ချစ်တယ် ဆိုတာ

ဒီလိုပါ...

ခင်ဗျား ချစ်သူဖြစ်ချင်တယ်လို့ ပြောခြင်း မဟုတ်ပါဘူး။

ချစ်တယ်ဆိုတာ

ချစ်သူဖြစ်ချင်တာထက် အများကြီးပိုကြောင်းပေ့ါ။

လူတိုင်းမှာ အိပ်မက်ကိုယ်စီ ရှိကြတယ်တဲ့

ကျွန်တော့် အိပ်မက်တိုင်းကတော့ ခင်ဗျားဖြစ်တယ်

ကျွန်တော်သွားချင်သော ခရီးဟာ ခင်ဗျားဖြစ်တယ်

ကျွန်တော့် မနက်ဖြန်တိုင်းကလည်း ခင်ဗျားပဲ...

ဆန္ဒတွေသာ မျိုးသိပ်စရာ မဟုတ်ဘူး ဆိုရင်

ခင်ဗျားမျက်ရည်ဟာ ကျွန်တော့်လက်ဖမိုးနဲ့ သုတ်မှ

ခြောက်သွေ့စေချင်တာ

ဆုတောင်းတိုင်းသာ ပြည့်ရရင်တော့

ခင်ဗျားငိုတာ မမြင်ချင်ဘူးပေ့ါ။

ကမ္ဘာဟာ ဒဏ်ရာတွေနဲ့ ပဲ လည်ပါတယ်

အတိတ်မှာ ဒဏ်ရာတွေ ရှိတယ်ဆိုရင်တောင်

ခင်ဗျားဟာ အတိတ်ကိုပြန်မသွားတတ်ဘဲ

ကျွန်တော့်မြတ်နိုးမှုနဲ့

ပစ္စုပ္ပန်မှာ ပျော်ရွှင်စွာ မျက်စိလည်နေတဲ့ သူ ဖြစ်စေ။

ပြီးရင်တော့…

ကျွန်တော့် လက်ဖဝါးတွေကို ဆုပ်ကိုင်ပြီး

မနက်ဖြန်တွေဆီ ခရီးထွက်ပါ။

စက္ကန့် မိနစ်တိုင်းက အပြုံးတွေနဲ့ လည်ပတ်သတဲ့ ။

ကျွန်တော့်သံသရာကတော့

ခင်ဗျားစိတ်နဲ့ ပဲ လည်ပါတယ်။

သေချာဖို့ မလိုပါဘူး

ယုံကြည်ဖို့ ပဲ လိုတာ

ရှေ့ဆက်ဖို့ အားအင်လိုအပ်တိုင်း

ကျွန်တော့်မျက်ဝန်းတွေကို ပွေ့ဖက်ပါ

ဘာဖြစ်လဲ

ရယ်အတူ ငိုမကွာပေါ့

အခက်အခဲတွေအတွက် ကျောချင်းကပ်မယ်

ကြည်နူးရရင်လည်း ရင်ချင်းအပ်ဖို့

မတွေဝေကြေး။

"ခင်ဗျားကို ကျွန်တော်ချစ်တယ်"

ဒါက အရေးအသားနဲ့ မလုံလောက်သော

ရင်နှင့်အမျှ ဘဝနဲ့ ထပ်တူ

ခံစားချက်သက်သက် ဖြစ်ကြောင်းပေ့ါ။

(၆)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ကျွန်တော်ဟာ ခင်ဗျားအတွက်

တစ်ခါမှ နားမထောင်ဖူးသေးသော

သီချင်းတစ်ပုဒ်ဖြစ်တယ်။

ခင်ဗျား မဖတ်ရသေးသော စာမျက်နှာလေးတစ်ခု

ဒါမှ မဟုတ် စာအုပ်လေးတစ်အုပ်ပေ့ါကွယ်။

ဖွင့်ကြည့်လိုက်ပါ

မနက်ဖြန်ဟာ ဘာတွေကိုပဲ ထုပ်ပိုးလာပါစေ

ခင်ဗျား ကျွန်တော့်လက်ကို ဖမ်းဆုပ်လိုက်

ပျော်ရွှင်ခြင်းဟာ ခင်ဗျားနှိုက်တိုင်းပေါက်တဲ့

Lucky Draw လေးဖြစ်တယ်။

ကျွန်တော်ဟာ ရင်ဘတ်ကို ဖိတိုင်း

I Love You လို့ အော်တဲ့ ဝက်ဝံရုပ်လေးပေါ့

ဒါပေမဲ့

ခင်ဗျားလက်နဲ့ ဖိမှ ...။

ပင်လယ်ကြီးဆီ ခရီးထွက်ပါ

တောင်တန်းတွေပေါ်က လေနုအေးကို

ရှူရှိုက်ပါ...။

ဒဏ်ရာမပါသော အချစ်သီချင်းတွေ နားထောင်ပါ

ပြီးတော့

ကျွန်တော့်ကို ချစ်မြတ်နိုးပါ။

ခင်ဗျား ဘာသက်စောင့်ဆေးမှ မမှီဝဲဘဲ

အသက်ရှည်မယ့် အကြောင်းတရားပေါ့။

ကျွန်တော့် အသက်ရှင်ရခြင်းရဲ့

အကြောင်းတရားကတော့ ခင်ဗျားပါ

ပြီးတော့

ခင်ဗျား

နောက်ပြီးတော့ ခင်ဗျားပဲပေါ့။

ကျွန်တော့်မျက်ဝန်းထဲက ခင်ဗျားကို

ခင်ဗျား ပြန်ရှာတွေ့ပါစေ…

ခင်ဗျားကိုယ်ခင်ဗျား ကျပျောက်သွားတယ်လို့

ခံစားရတဲ့ အခါ

ကျွန်တော့်ဝဲဘက် ရင်အုံမှာ လာရှာပါ။

အဖြူရောင်တွေကို ယုံကြည်ပါ

သဘာဝတရားကို မြတ်နိုးပါ

ထို့အတူ

ကျွန်တော့်ကိုလည်း …။

ဗုဒ္ဓက ပြောတယ်

အကြောင်းရှိလို့ အကျိုးဖြစ်တယ်

အကြောင်းမရှိသော အကျိုးတရားတစ်ခုကို ရှာပါ

ပြီးရင် ကျွန်တော့်မျက်ဝန်းတွေကို စိုက်ကြည့်ပါ

ကျွန်တော့် ကဗျာခေါင်းစဉ်ကို ပြန်ဖတ်ပါ။

"-------- ? --------"

(၇)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ဒါက ကိုယ့်ဒဏ်ရာကို ပျော်ပျော်ရွှင်ရွှင် မွေးမြူရခြင်းနဲ့

တူပါတယ်...။

ဖြစ်နိုင်ရင် ခင်ဗျား ဘာတွေချစ်တတ်သလဲ

ဒီထက်ပိုသိချင်ပါတယ်။

ကျွန်တော့်ရင်ခွင်ထဲ ဘယ်တော့မှ ခုန်ဆင်းမလာမယ့်

လမင်းဟာ ခင်ဗျားဖြစ်တယ်။

ငေးကြည့်ရရုံလေးနဲ့ လည်း ချစ်တတ်ပါရဲ့

ဘယ်တော့မှ ပြန်မချစ်ရင်နေပါ

ကျေးဇူးပြုပြီး

ကြိုးရှည်ရှည်နဲ့ လှန်ထားပေးပါ။

ဒီချည်တိုင်မှာ ဒီမျက်နှာလေးငေးပြီး

ဒီသံသရာအရှည်ကြီးထဲ ပျော်မွေ့ပါ့မယ်

ထားပါ

အချစ်က ဒုက္ခသစ္စာပဲဖြစ်တယ်လို့

ဖုန်းတွေ ခဏခဏ ဆက်တာ စိတ်မရှိပါနဲ့

"အာ့ဆို ဒါပဲလေ"ဆိုတဲ့

အသံလေး မကြားရ မနေနိုင်လိုပါ

ခဏခဏတွေ့ဖို့ ပူဆာတာလည်း စိတ်မပျက်ပါနဲ့

ဘာမှ အများကြီးထပ်မမျှော်လင့်ပါဘူး

မျက်နှာငွေလ ဝင်းပပကို

တစ်နေ့ကုန် တစိမ့်စိမ့်ကြည့်ရုံလေးပါ။

ခင်ဗျားနဲ့ ပတ်သက်လို့ အိပ်မက်တွေ တပုံကြီးရှိပါတယ်

မတော်တဆများ လက်တွေ့ဖြစ်လာခဲ့ရင်...

အဲဒီလိုတွေးပြီး ကျွန်တော့်မနက်ဖြန်တွေကို

ခင်ဗျားစိတ်နဲ့ အသက်သွင်းပါတယ်။

ခင်ဗျားနာမည်ရေးထိုးထားတဲ့

စိတ်ကူးလှလှလေးတွေ...

ခင်ဗျားကို သိစေချင်လိုက်တာ

ပြောပြပါ

ဘယ်နည်းနဲ့ ချစ်ခြင်းမေတ္တာကို ဝတ်မှုန်ကူးရမလဲ။

ဆန္ဒတွေ ရှိပါတယ်

ဆန္ဒတွေ မစောပါဘူး

* တစ်နေ့နေ့တော့

ကျွန်တော့်ကိုလည်း တွေ့ပါစေ

ချစ်ခြင်းမေတ္တာကိုလည်း တွေ့ပါစေ * ပေါ့။

(၈)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

အခုဆို...

ခင်ဗျားသွားတတ်တဲ့ နေရာလေးတွေ

ကျွန်တော်တစ်ယောက်တည်း သွားထိုင်တတ်နေပြီ

ပေါ့

ဒါက ခင်ဗျားစားနေကျ ဆိတ်ထမင်းဆိုင်

ဒါက ခင်ဗျားလာနေကျ လမ်းလေး
ဘယ်လောက်ထိ ရှုးသွပ်လဲ သိလား
ခင်ဗျား ကိုယ်သင်းနံ့လေးတောင် အလိုလိုရမိသလို။

ချစ်ခြင်းမေတ္တာက အရာရာထက် ပိုဆန်းပါတယ်
ငေးနေရရုံလေးနဲ့ လည်း ပျော်တတ်ခဲ့ရသလို
မြင်နေခွင့်လေးနဲ့ လည်း ရောင့်ရဲတတ်ခဲ့ရပေါ့
စိတ်ကူးယဉ်ဆန်တဲ့ မျှော်လင့်ချက်တွေတော့
ပြောမပြဖြစ်ခဲ့ပါဘူး
တစ်ခါတလေမှာ အချစ်က
မျိုသိပ်ခံစားရတာ ပိုကောင်းတယ်မဟုတ်လား။

ကျွန်တော်က ခင်ဗျားစိတ်ကူးထဲက
ကောင်လေးနဲ့ အရမ်းကွာရင် ကွာနေလိမ့်မယ်ပေါ့
ဒါပေမဲ့
ခင်ဗျားစိတ်ကူးယဉ်ထားတာထက်
ခင်ဗျားကို ပိုချစ်နိုင်တာကတော့ အသေအချာ။

မနက်ဖြန်တွေက ရိုးရှင်းပါတယ်

အိမ်ပြန်ချိန်တွေ အတူရှိချင်တယ်

ခင်ဗျားမျက်ဝန်းတွေ စွတ်စိုတဲ့ အခါ

လက်ဖဝါးနုထွေးလေးကို ဆုပ်ထားချင်တယ်

မနက်ဖြန်တွေကို ယုံပါ

ကျွန်တော့်ချစ်ခြင်းမေတ္တာကို ယုံပါ

မနက်ဖြန်တွေကို ယုံပါ

ကျွန်တော့်ချစ်ခြင်းမေတ္တာကို ယုံပါ

ချစ်ခြင်းမေတ္တာဟာ

ခင်ဗျား ခြေမချဖူးသေးတဲ့ ကမ္ဘာတစ်ခုဖြစ်ကြောင်းပေါ့။

(၉)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ရင်ဘတ် ဘယ်ဘက်အခြမ်းမှာ ကျွန်တော်ရှင်းမပြလည်း

ခင်ဗျားကို နားလည်စေချင်သော

အရာတချို့ ရှိကြောင်းပေါ့။

ချစ်ခြင်း မေတ္တာဟာ ခင်ဗျား ခြေမချဖူးသေးသော

ကမ္ဘာအသစ်တစ်ခုသာ ဖြစ်တယ်။

ကျွန်တော့်မျက်ဝန်းက စကားလုံးတွေ
ခင်ဗျား မြင်တတ်လာသော တစ်နေ့နေ့မှာ
မနက်ဖြန်ဆိုတာကလည်း
ခင်ဗျား မစဉ်းစားမိသော အဓိပ္ပာယ်တွေနဲ့ ဆိုတာပေါ့။

ကြယ်တွေ ကြွေတော့ ဘယ်သူငိုသလဲကွယ်
ခင်ဗျားငိုရင်တော့ သေချာတယ်
ကျွန်တော့်ကောင်းကင်က ကြယ်တွေ အကုန်ကြွေမှာ ။

တစ်ခုခုတောင်းဆိုပါ ဆိုရင်တော့
မိုးမိတုန်း မေ့ကျန်ခဲ့တဲ့
ခင်ဗျားရဲ့ ကြည်ပြာရောင် ထီးလေးကို သတိရသလို
ကျွန်တော့်ကို လိုတဲ့ အခါ … သတိရပါပေါ့။

ကျွန်တော်ကတော့ သတိရပါတယ်
မိုးရွာတဲ့ အခါလည်း ရွာတဲ့ အလျောက်
မရွာတဲ့ အခါလည်း မရွာတဲ့ အလျောက်

ကျွန်တော့် စက္ကန့်တွေဟာ
ခင်ဗျားနာမည်အော်မြည်ပြီး ခရီးသွားတတ်တယ်တဲ့ ။

ပျော်ရွှင်ပါစေကွယ်...

(၁၀)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

မေးချင်ပါတယ်
တိတ်တိတ်လေး ခိုးမြတ်နိုးရတာကျ
ချစ်ခြင်းမေတ္တာ မမည်ဘူးလားပေါ့။

ကျွန်တော်မသိပါဘူး
ခင်ဗျားကို စိတ်ဝင်စားတာထက်
ဘယ်အချိန်မှာ ပိုသွားခဲ့သလဲ
အများ သူငါလို
Crush တယ်လို့ ပြောရမှာ မျိုး ဝန်လေးတယ်

ကိုယ့်အချစ်က ပေါပေါပဲပဲ မဟုတ်ဘူး ကွယ်။

သူငယ်ချင်းဖြစ်သွားမှာ ကြောက်တယ်

နာကျင်ရတာချင်းတူတောင်

တစ်ဖက်သတ်ပဲ ချစ်မယ်

လှေနံနှစ်ဖက် မနင်းဘူး

အဖက်မလုပ်ခြင်း ဆိုသော ရေထဲနစ်သေပါစေ။

လှေနံတစ်ဖက်ပဲ နင်းမယ်

ခင်ဗျားနဲ့ ကျွန်တော်သူငယ်ချင်းမဖြစ်ချင်ဘူး

ခင်ဗျားကို ကျွန်တော်က ချစ်မြတ်နိုးတာ...

(၁၁)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ဒီတစ်ခါက နောက်ဆုံးဖြစ်နိုင်ပါတယ်

ရှိရှိသမျှ ပန်းတွေ ခင်ဗျားရှေ့မှောက် ပွင့်စေချင်သော

ဆန္ဒမျိုးနဲ့ ပေါ့...။

သိစေချင်တာကတော့ ဒါက ထင်ယောင်ထင်မှားမဟုတ်ကြောင်းပေါ့
။

ကျွန်တော် ခင်ဗျားအတွက်

လုံလုံလောက်လောက် နာကျင်ခဲ့ပြီးကြောင်း...

ရှူးရှူးသွပ်သွပ် လွင့်ပါးခဲ့ရဖူးကြောင်း....

ခင်ဗျားအကြောင်းတွေ တခုတ်တရ

အကြာကြီး တွေးနေခဲ့ရကြောင်း...

ခင်ဗျားကို တကယ်သိပ်ချစ်ခဲ့တာပါလို့ တစ်ယောက်ယောက်ကို

ရင်ဖွင့်ပြီး ငိုဖူးတဲ့ အကြောင်း....

ကျွန်တော်တို့ ဟာ ဘယ်တုန်းကမှ လမ်းချင်းမတူခဲ့ရတာ

အခုလူချင်းတွေ့တော့လည်း ငေးနေရုံလေးပါပဲ။

စကားတွေ ပြောစရာမရှိတာ မဟုတ်ဘူး

တကယ်က ကျွန်တော်တို့ ဘာမှ ထပ်ပြောဖို့ မလိုတော့တာ

ကျေးဇူးတွေ တင်ရပါကြောင်းပေါ့

ကျွန်တော်ဟာ ကျွန်တော့်ဝေဒနာလေးကို ခိုးငေးခွင့်ရတဲ့

နေ့စွဲတွေအတွက်ပေါ့...။

ဒီတစ်နွေကုန်ခဲ့ရင်တော့

ကျွန်တော်ဟာ နွေတွေချည်း ဆက်တိုက်

တစ်နွေပြီး တစ်နွေ.........

...

...

...

ခင်ဗျားထင်တာထက် ပိုပြီး ကျွန်တော် နွေဆန်ရတော့မှာ ။

တကယ်က ကျွန်တော်တို့ က ဒီဘူတာအိုလေးမှာ ခဏတာဆုံကြတာ

သို့မဟုတ်

ခင်ဗျားရှိတဲ့ ဘူတာအိုလေးကို ကျွန်တော် တမင်လာခဲ့တာ။

ချစ်ခြင်းမေတ္တာက ခင်ဗျားထင်တာထက် ပိုဆန်းပါတယ်

ငေးနေရရုံလေး သက်သက်အတွက်နဲ့

ကျွန်တော်ဟာ နေ့စဉ်နဲ့ အမျှ ကိုယ့်ဒဏ်ရာတွေ ကိုယ်ဖန်တီးနေရ

နှစ်တွေ ကြာသွားရင်...

ဒီနေရာလေးက ကျွန်တော်တို့ အတူထိုင်ဖူးတာ

ဒီဆိုင်လေးက ကျွန်တော်တို့ အတူစားဖူးတာ

အစရှိသဖြင့်ပေါ့

ချစ်ခြင်းမေတ္တာ တစ်ခုတည်းအတွက် ကျွန်တော်က

ကိုယ့်ဝေဒနာလေး အနား ရောက်ရောက်လာရတာ

တန်ပါတယ်

အရာရာဟာ မင်းဆီမှာ ပဲ မြစ်ဖျားခံပြီး

မင်းဆီမှာ ပဲ စီးဝင်တဲ့ အတွက်

ကိုယ်ဟာ မြစ်ကျိုးအင်း ဖြစ်ရတာ တန်ပါတယ်။

(၁၂)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ကျွန်တော်က ကြီးကြီးကျယ်ကျယ်နိုင်တဲ့

လူသားသေးသေးလေး တစ်ကောင်ပါမယ်

ကျွန်တော်က အိပ်ရာထ နောက်ကျတတ်သလောက်

အိပ်မက်တွေ သိပ်ခမ်းနားတယ်

ခင်ဗျား နားထောင်နေကျ သီချင်းလေး ဖြစ်ချင်တယ်

သို့မဟုတ် ဆံပင်ရှည်တွေကြားထဲက

တစ်စွန်းတစ်စ မြင်ရတတ်တဲ့ နားကြပ်ဖြူဖြူလေး ဖြစ်ချင်တာမျိုးပေါ့။

တစ်ခါတလေကျလည်း အလိုလို ဆွေးဆွေးမြည့်မြည့် နိုင်တဲ့

ဂစ်တာလေး တစ်လက်နဲ့ တူနေရင် တူနေမှာ ...

အခန်းမီး မှိတ်ထားပြီး ခင်ဗျားအကြောင်းတွေး

အလိုလိုဝမ်းနည်းရင် ဝမ်းနည်းနေတတ်တာမျိုး...

မယ်က ကံသိပ်ကောင်းတဲ့ ကောင်မလေးပေါ့

အချစ်ခံဖို့ သက်သက်ပြ ကမ္ဘာမြေပေါ် ကြွေကျလာတဲ့

ကြယ်လေးတစ်ပွင့်ပဲ...

ကျွန်တော်ကတော့ မယ့်အတွက် သက်သက်ပဲ ဖြစ်တည်ခဲ့တာ။

မယ်က ကော်ဖီမကြိုက်ဘူး

ညဘက် အိပ်မပျော်တတ်လို့ တဲ့

ပြောမပြဖြစ်ပါဘူး

ကျွန်တော်လည်း ညဘက်တွေအိပ်မပျော်တဲ့ အကြောင်း

မယ်က ကျွန်တော့်ရဲ့ ကော်ဖီခါးခါးလေးတစ်ခွက်ပဲ။

တစ်ခုခုဆို တလေးတနက်နဲ့ ငြိမ်ပြီး တွေးတောတတ်တဲ့ မယ်

"နင်က ပေါ့ပေါ့ပါးပါးသိပ်နိုင်တာပဲ"တဲ့

မယ် မသိခဲ့ပါဘူး

ကျွန်တော်ထမ်းပိုးထားခဲ့ရတဲ့ နောက်ထပ် ကမ္ဘာတစ်ခုအကြောင်း

ပြောပြီးခဲ့ပါရောလား

ကျွန်တော့် ဝေဒနာလေးကို ကျွန်တော်က လက်တစ်ကမ်းမှာ

ထားထားတာ ...။

ကျွန်တော် စီးကရက်သောက်တာ မယ်မကြိုက်ဘူး

ဘယ်တော့မှ လည်း မသောက်ဖို့ တားမှာ မဟုတ်ဘူး ဆိုတာလည်း

အလိုလို သိနေခဲ့တယ် ...။

အဲဒီလိုပါပဲ

တချို့ ဆိုးမိုက်မှုတွေက တစ်ယောက်ယောက်စီက စိတ်ပူမှုကို

လိုအပ်နေခဲ့လို့ လားပေါ့ ...။

ကျွန်တော်က မယ့်ရဲ့ တစ်ဦးတည်းသော

ယောကျ်ားလေး သူငယ်ချင်းပါ

မယ်ကတော့ ကျွန်တော့်အတွက် မဖြစ်ခဲ့ပါဘူး....

ကျွန်တော်လည်း မဖြစ်ချင်ပါဘူး

ကျွန်တော် ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ရှေ့ကနေ မယ်ဖြတ်သွားတိုင်း

အပေါင်းအသင်းတွေက

"ဟိုမှာ မင်းကောက်ရိုးပုံလေး" လို့ စတယ်

အချို့ကတော့ မယ်နဲ့ ကျွန်တော်က အတွဲလို့ ထင်ကြတယ်။

အချစ်က ဆန်းပါတယ်

သူကြိုက်တဲ့ မုန့်ဟင်းခါးထဲ သံပရာသီး ညှစ်ထည့်ပေးနေတာ မျိုးလည်း

ဖြစ်နိုင်သလို...

ကိုယ်မကြိုက်တဲ့ မြန်မာဒရာမာ ကားလက်မှတ်တွေ

သွားတန်းစီနေရတာမျိုးလည်း ဖြစ်နေနိုင်တယ်။

ခင်ဗျားကို ကျွန်တော် ချစ်ပါတယ်

ကျွန်တော် မလှမ်းလိုသေးတဲ့ ခြေတစ်လှမ်းအတွက်တော့

တောင်းပန်ပါတယ်..............။

နွေဦးမှာ ပွင့်တဲ့ စံပယ်တွေက ပိုမွှေးတယ်လို့

ကျွန်တော် ကြားဖူးတာပဲ မယ်။

(၁၃)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

ကျွန်တော်က ခင်ဗျားသတ်ကွင်းထဲက ယုန်သူငယ်လေးပေါ့...

မျက်စောင်းတစ်ချက်နဲ့ လည်း သေဖူးတယ်

အံတစ်ချက်အကြိတ်မှာ လည်း သတိလစ်ဖူးတယ်

Missed Call တစ်ခုနဲ့ လည်း ရူးဖူးတယ်

ဘယ်နှခါသေသေ ပျဉ်ဖိုးနားမလည်တာပဲ အံ့သြစရာ။

ချစ်ခြင်းမေတ္တာလို့ ဆိုတာနဲ့ ကျွန်တော်ကတော့

အကျအရှုံးတွေ အပြိုအလဲတွေ မြင်ရတယ်

ဘယ်လောက် သနားစရာ ကောင်းလိုက်လဲ

စိတ်အသေကြီးနဲ့ လေလွင့်နေတဲ့ တိမ်စိုင်တွေ

အနာပေးလိုက် ဆေးကျွေးလိုက်နဲ့

စုတ်ပြတ်သတ်သွားတဲ့ နေ့ရက်တွေ

နာလို့ နာရကောင်းမှန်း မသိအောင် ထုံပေနေခဲ့ပေါ့

Limit လွန်သွားတဲ့ နာကျင်မှုတွေအကြောင်း

ခင်ဗျားသိမှာ လည်း မဟုတ်ပါဘူး။

လိုတာထက်ပို နူးညံ့သွားခြင်းဟာ

တစ်ဖက်လူအတွက် သိပ်ရက်စက်ချင်စရာ ကောင်းသွားလား

One Day ဆိုတဲ့ ဇာတ်ကားလေးထဲကလိုပေါ့

နောက်တစ်နေ့ရောက်တာနဲ့

ခင်ဗျားက အရာရာကို မေ့သွားမှာ ဆိုရင်တောင်

ဒီတစ်နေ့တော့ ခင်ဗျားချစ်ရတဲ့ သူဖြစ်ချင်တာ

ခင်ဗျားရဲ့ ဖြစ်တည်မှုကို ချစ်သလို

ခင်ဗျားရဲ့ ပြောင်းလဲမှုတွေကိုလည်း ချစ်နေမှာ ပဲ။

အမြဲစောင့်ဆိုင်းနေရတဲ့ ဘူတာအိုလေးလည်း မဖြစ်ချင်

မမီလိုက်ပေမယ့် အဲဒီရထားလေးကိုလည်း

ကျွန်တော် မမုန်းဘူး ...။

တစ်ခါတလေ လိုတာထက်ပို ဆိတ်ငြိမ်သွားတာမျိုး

မပြောပြဖြစ်ပါဘူး

ဒဏ်ရာတွေဟာ ခံနိုင်ရည်ထက်ပိုသွားတဲ့ မိုးနေ့တွေအကြောင်း

ခင်ဗျားကတော့ ကျွန်တော်နဲ့ ပတ်သက်ရင်

အမြဲအိပ်မောကျနေတဲ့ သွေးအေးသတ္တဝါ တစ်ကောင်ပါပဲ။

ကမ္ဘာလည်နေတာကိုက မုန်းပစ်ချင်စရာ

လေတွေ တိုက်လွန်းတဲ့ နွေကလည်း ရူးပစ်ချင်စရာ......

မေ့မပစ်ချင်စရာ မှိုင်းရီဝေနေတဲ့

အတိတ်တွေ ပိုင်ဆိုင်ခဲ့ဖူးရင်ပေါ့။

(၁၄)

ခင်ဗျားကို ကျွန်တော်ချစ်တယ်…

အခုရက်ပိုင်း ဂျင်းအပြာနုအရောင် ခပ်လွင့်လွင့်လေးကို
ဝတ်ရတာ ပြန်သဘောကျမိနေသလိုမျိုးပေါ့ …
အသစ်အတိုင်း မဖြစ်ရတော့တောင် အချို့က ပြန်မက်မောဖွယ်
ပြန်တွေးကြည့်ရုံနဲ့ ကိုယ့်ကို စိတ်ချမ်းသာစေသောပေါ့။
ရိုးရှင်းပါတယ်
I Love You ဒါမှ မဟုတ်
ခင်ဗျားကို ကျွန်တော်ချစ်တယ်။

ကျွန်တော်က ဇာတ်ဝင်တေးတွေ နားထောင်ရတာ ကြိုက်တယ်
တစ်စွန်းတစ်စလေး ပြန်ကြားရုံနဲ့
ရင်ထဲက ဇာတ်လမ်းလေးတစ်ခုလုံးကို
တခုတ်တရ ပြန်တွေးနေမိတာမျိုး။

အချိန်တွေက စကားမပြောပါဘူးကွယ်
အသက်အရွယ်က နှလုံးသားကို စကားပြောတာ
သတိရတယ် ဒီလောက်ပါပဲ
အရင်လို အကျယ်ကြီး ချမရေးတော့ဘူး
ဒါပေမဲ့
တကယ်သတိရတယ်။

အခုဆို
မင်းလည်း ရင့်ကျက်နေပေါ့
ဆံပင်တွေတော့ အရောင် ပြောင်းသွားတယ်နော်
ငါလည်း တစ်ယောက်ယောက်ကို ထပ်ချစ်ဖို့
ကြိုးစားသလိုမျိုးပေါ့
ပြောင်းလဲမှုတွေကြားမှာ အသီးသီး နေသားကျခဲ့ပါပြီ။

မင်းမပါတဲ့ ခရီးတွေလည်း ထွက်ဖြစ်တယ်
တစ်ယောက်ယောက်ပါး ကိုလည်း နမ်းဖြစ်တယ်
အဲဒီ တစ်ယောက်ယောက် ကိုလည်း မင်းလိုပဲ
ထပ်ချစ်ချင်တယ်
ဒါပေမဲ့ သတိရတယ်

ဒီလိုပါပဲ
ငါတို့ က တစ်ကွေ့ကွေ့မှာ မတော်တဆ ဝင်တိုက်မိတာ
အမိအရတော့ ဖမ်းဆုပ်ခဲ့တာပါပဲ
အချိန်ကျတော့လည်း လွှတ်ချခဲ့ပေးရတယ် မဟုတ်လား။

ငါတို့ ဟာ တစ်ယောက်ကို တစ်ယောက်
သတိရရုံလေးပဲ တတ်နိုင်တော့တဲ့ အခါ
တစ်ယောက်ယောက်ကို ငါ့ထက်ပိုချစ်လိုက်ပါ။
ဒီစာရေးပြီးရင်တော့
Big Bag ရဲ့ သူစိမ်းသီချင်းနားထောင်ဦးမယ်
ကိုယ်မပိုင်တဲ့ သူစိမ်းလေးကိုလည်း သတိရပစ်ဦးမယ်။

(၁၅)

ခင်ဗျားကို ကျွန်တော်ချစ်တယ်...

အတိတ်တွေက ပုပ်သိုးနေပါတယ်
စားရမှာ လည်း သဲတရှပ်ရှပ်
ပစ်ရမှာ လည်း အဆီတဝင်းဝင်းဆိုသလို

တစ်ယောက်ယောက်က

ခင်ဗျားကို သိပ်နာကျင်စေခဲ့သလားကွယ်။

ခင်ဗျားအတွက်လည်း စိတ်မကောင်းသလို

ကိုယ့်ကိုယ်ကိုယ် အတွက်လည်း ဝမ်းနည်းရပါတယ်။

ခဲမှန်ဖူးတဲ့ စာသူငယ်လေးဟာ

သူ့ဆီ လာသမျှ ဒဏ်ရာတွေ ပေးဖို့ လို့ ပဲ ထင်နေတာမျိုး

ကျေးဇူးပြုပြီး မြင်အောင် ကြည့်ပါ

ဒါဟာ ချစ်ခြင်းမေတ္တာပါ

ဝဲဘက်ရင်အုံကနေ ပကတိလာခဲ့တာပါ။

"ကျွန်မ အချစ်ကို အယုံအကြည်မရှိဘူး"တဲ့

သိပ်ပြီးတော့ မတုန်လှုပ်တော့ပါဘူးလေ

ခင်ဗျားမှာ လည်း ဒဏ်ရာတွေနဲ့

ဆန္ဒတွေ ရှိပါတယ်

ဆေးတစ်လက်မ ဖြစ်သေးတောင် ခင်ဗျား စိတ်လိုလက်ရပြုံးဖို့ ...

အထီးကျန်တယ်လို့ ခံစားရတိုင်း လာပေါက်ကွဲဖို့

ဝမ်းနည်းတိုင်း စိတ်လွတ်ကိုယ်လွတ် လာငိုချဖို့

ချစ်ခြင်းတရားက ပခုံးကောင်းပါတယ်ပေါ့။

ငယ်ငယ်က မိုးဦးကျရဲ့ ပထမဆုံးမိုးရွာတော့

အလိုလို သတိလက်လွှတ်ပျော်ရသလိုမျိုး…

ခင်ဗျားကို ပျော်စေချင်လိုက်တာ။

ခြေအိတ်အသစ် လဲတိုင်း ခံစားရတဲ့ ခံစားမှုမျိုး …

အခိုက်အတန့်လေးပဲ ဖြစ်နေပါစေ

ကျွန်တော့်ကြောင့် ခင်ဗျားရစေချင်တယ်

ခင်ဗျား သိလား

ကိုယ့်ကြောင့် ကိုယ်ချစ်ရသူပျော်တဲ့ အခါ

ကိုယ်က နှစ်ဆပိုပျော်ရတယ်ဆိုတာ။

အားလုံးကို စိတ်ပျက်သွားခဲ့ဖူးတောင်

ကျွန်တော့်ကို ယုံပါ

ခင်ဗျားမယုံကြည်တော့တဲ့ ချစ်ခြင်းမေတ္တာကို

ကျွန်တော့်ကြောင့် ခင်ဗျားပြန်ယုံကြည်လာတဲ့ အခါ

ခင်ဗျားကို ရည်ရွယ်ပြီး ပျိုးထားတဲ့ နှင်းဆီအိုးလေးက

နှင်းဆီဝါဝါလေးပွင့်တဲ့ နေ့ဖြစ်မယ်။

ကျွန်တော်က

သိပ်ကို စိတ်ကူးယဉ်တတ်တဲ့ ကောင်လေးလေ

ကျွန်တော်ဟာ ခင်ဗျားမတော်တဆ အလည်ရောက် လာပြီး
မပြန်ချင်တော့သော နယ်မြို့လေး သိပ်ဖြစ်ချင်တာပဲ။

အချို့မိုက်မဲမှုတွေက အနီရင့်ရင့်နဲ့ လှပါတယ်
ခင်ဗျားက ညှော်သည် ဆန်ခဲ့ရင်တောင်
အဲဒီမှတ်ဉာဏ်လေးတွေ နာနာကျင်ကျင်သိမ်းထား
ခဏခဏ ပြန်တွေးမိနေမှာ မျိုး…။

ဒါပေမဲ့
ချစ်ခြင်းမေတ္တာက ကျွန်တော်နဲ့ ပတ်သက်ရင်
ကံမကောင်းရှာပါဘူးလေ…။
ခင်ဗျားကတော့ ကျွန်တော်နဲ့ ပတ်သက်ရင်
ကံကောင်းမှာ သေချာပါတယ်

ခင်ဗျားကို ကျွန်တော်ချစ်တယ်လေ။

(၁၆)

ခင်ဗျားကို ကျွန်တော်ချစ်တယ်…

လေတွေ တိုက်တယ်

ကော်ဖီတစ်ခွက်စီ အတူသောက်ရင်း

လရောင် ဖြာကျတာကို အတူ ခံစားကြည့်ချင်မိတယ်

ရောက်လေရာမှာ လရောင်ဆန်တဲ့

လူမျိုးနဲ့ ပဲ ခင်ဗျားဆုံပါစေပေါ့။

ဘဝဆိုတာ ရွက်လွှင့်တာနဲ့ တူပါတယ်

ခင်ဗျားရှိရာ ကမ်းမှာ ကျောက်ချထားလို့ မရဘူးလားဗျာ။

ဝင် လာပြီးမှ တော့

ဘာအကြောင်းနဲ့ မှ ပြန်ထွက်မသွားဖို့

ရင်နဲ့ အမျှ အနူးအညွတ်ပေါ့။

ကျွန်တော့်ပခုံးကို မှီထားပါ

ညေ့်သည် ဆန်တဲ့ ချစ်ခြင်းမျိုးဆိုရင်တောင်

ကျွန်တော်ရှိရာ မြို့လေးကို

ခဏ ခဏအလည်လာပါ။

ဘာကို ဝမ်းနည်းလို့ ဝမ်းနည်းမှန်းမသိတဲ့ အခါမျိုးမှာ

ကျွန်တော့်ရင်ဘတ်ကို ထုပြီး ငိုပါ

ဒါပေမဲ့ ခင်ဗျားကိုယ်ခင်ဗျားပဲ ပိုချစ်ပါ

ပင်ပန်းတယ်ထင်တဲ့ အခါ

စိတ်လိုလက်ရသာ လွှတ်ချခဲ့ပါ

ကျွန်တော်က ထိလွယ်ရှလွယ်ဆိုပေမယ့်

ခင်ဗျားပေးတာ မှန်ရင်

ဒဏ်ရာက အစ ချစ်မြတ်နိုးတတ်ခဲ့တာ။

ခင်ဗျား တင်ဇာမော်ရဲ့ ဧည့်သည် သီချင်း နားထောင်တာ

ကျွန်တော့်ကို ချစ်ရာ ရောက်သလို

ကျွန်တော်က ဖြိုးပြည့်စုံရဲ့ အသဲကွဲဧည့်သည် ပဲ

ပိုခံစားဖြစ်တာပါ။

ကျွန်တော်တို့ အားလုံးက ဧည့်သည် ဆန်ပါတယ်

ပြန်ထွက်သွားကြတဲ့ အခါ

ဘယ်သူ့ရင်မှာ မှ ဆူးတွေ မစိုက်ခဲ့ချင်ရုံလေး.....

***